# တံစိုးကျေးရွာ

## တံစိုးကျေးရွာအုပ်စု

## ကျောက်ဆည်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တံစိုးကျေးရွာ၊ ကျောက်ဆည်မြို့နယ်

# (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


မာတိကာ ၂

၁. ကျောက်ဆည်မြို့နယ်၊တံစိုးအုပ်စု၊တံစိုးကျေးရွာ၏ သယံဇာတပြမြေပုံ ၃

၂. ကျောက်ဆည်မြို့နယ်၊တံစိုးအုပ်စု၊တံစိုးကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်** **၄**

၃. ကျောက်ဆည်မြို့နယ်၊တံစိုးအုပ်စု၊တံစိုးကျေးရွာ၏ **ကျေးရွာတွင်း၊ရွာပြင်**

**အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ** **၅**

၄. ကျောက်ဆည်မြို့နယ်၊တံစိုးအုပ်စု၊တံစိုးကျေးရွာ၏ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုး မှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

၄.စ။ ပညာရေး ၉

၄.ဆ။ ကျန်းမာရေး ၉

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉

၄.ဈ။ ကျား – မ ရေးရာ ၁၀

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁

နောက်ဆက်တွဲများ


- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၂
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၃
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၂၆

## ၁။ကျောက်ဆည်မြို့နယ်၊တံစိုးကျေးရွာအုပ်စု၊တံစိုးကျေးရွာ၏သယံဇာတပြမြေပုံ




မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်၊ တံခိုးကျေးရွာ၏ သယံဇာတပြ မြေပုံ
24.5.2018
စိုက်ပျိုးရေး
စာသင်ကျောင်း
အိမ်
စာကြည့်တိုက်
ဘုန်းကြီးကျောင်း
ဓာတ်တိုင်
ကတ္တရာလမ်း
ဂျင်လမ်း
ရေမြောင်း
ခြံမြေ
အိမ်ခြေ စာရင်း = ၂၀၈

## ၂။ကျောက်ဆည်မြို့နယ်၊တံစိုးကျေးရွာအုပ်စု၊တံစိုးကျေးရွာ၏ ရာသီခွင်ပြပုံ



# ၃။ ကျောက်ဆည်မြို့နယ်၊တံစိုးကျေးရွာအုပ်စု၊တံစိုးကျေးရွာ၏ ကျေးရွာတွင်း၊ရွာပြင် အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



## ၄. ကျောက်ဆည်မြို့နယ်၊တံစိုးကျေးရွာအုပ်စု၊တံစိုးကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### ၄.က။ တည်နေရာနှင့်ပထဝီအနေအထား

တံစိုးကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အတွင်း ပါဝင်သော အုပ်စုကျေးရွာ တစ်ရွာဖြစ်ပြီး ကျောက်ဆည်မြို့၏ တောင်ဘက်အရပ်တွင် တည်ရှိပြီး(၁)မိုင်ခန့် ကွာဝေးပါသည်။ ကျေးရွာ၏အကျယ်ဝန်းမှာ(၁၆.၉၃) ဧကရှိပါသည်။ တံစိုးကျေးရွာကို လာလည်ချင်ရင် ကျောက်ဆည်မြို့နယ် အေးမြကြည်လင်ဈေးရဲ့အနောက်ဘက်လမ်းကျောက် ဆောက်ကုန်းလမ်း အတိုင်းတမ်းတမ်းလာခဲ့ပါ။ ကျေးရွာ၏ မြောက်ဘက်တွင်ဘုရားဝိုင်း၊စာကြည့်တိုက်၊ဓမ္မာရုံနှင့်စာသင်ကျောင်းတို့တည်ရှိပါသည်။ထို့အပြင်ကျောက်ဆည်မြို့နှင့် အမြန်လမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်မြစ်သားမြို့နယ်သို့ သွားသောလမ်းမကြီးရှိပြီး(၁၂)မိုင်ရှိပါသည်။အနောက်ဘက်တွင်ကွမ်းဆေးမြောင်း၊ကတဲကျေးရွာနှင့် သူငယ်တော်ကျေးရွာများနှင့်ချိတ်ဆက်တည်ရှိပါသည်။ ကျေးရွာ၏အိမ်ခြေစုစုပေါင်း(၂၀၈) အိမ်ရှိပြီး အိမ်ထောင်စု (၂၀၈)စု ရှိပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး အခြားစီးပွားရေး လုပ်ငန်းများလည်း လုပ်ကိုင်လျှက်ရှိပါသည်။ကျေးရွာ၏ ပတ်ဝန်းကျင်အနေအထားမှာ မြေပြန့်လွင်ပြင်ဖြစ်ပြီး သဘာဝသစ်တောများမရှိပါ။ ထို့ကြောင့် နွေရာသီတွင် အပူချိန်အနည်းငယ်မြင့်တက်လျှက်ရှိသည်။ ကျောက်ဆည်မြို့နှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သောကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးတို့တွင် အဆင်ပြေစွာ သွားရောက်ဆောင်ရွက်နိုင်ပါသည်။

### ၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

တံစိုးကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင်အပူချိန်၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ သဘာဝတောင်တန်းများ၊ သစ်တောများနှင့် သဘာဝစိမ့်စမ်းရေအိုင်များ မရှိခြင်းကြောင့် အပူချိန်အနည်းငယ် မြင့်တက်နေသည်။ မိုးရာသီကာလတွင် မိုးရေချိန်အသင့်အတင့်ရရှိပါသည်။ သဘာဝအရင်းအမြစ် ထွက်ရှိမှုနည်းပါးပြီး စပါး၊ ပဲ၊ နှမ်းနှင့် ဂရုတ်အစရှိသည့်တို့ကို ဒေသတွင်းထုတ်ကုန်အဖြစ် စိုက်ပျိုးလျှက်ရှိပါသည်။တစ်နှစ်ထက်တစ်နှစ် ရာသီဥတုပြောင်းလဲလာမှုများလည်း ကြုံတွေ့နေရသည်။ နွေရာသီတွင် ရေမလုံလောက်မှု၊ မိုးရာသီတွင် မိုးရေချိန်နည်းမှုနှင့် ဆောင်းရာသီတွင်ဆီးနှင်းများလျော့ပါးလာမှုတို့က စိုက်ပျိုးရေးအတွက် အခက်အခဲနှင့် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ ရာသီဥတုမှန်ကန်လာစေရန် သစ်တောများတိုးချဲ့ စိုက်ပျိုးခြင်းများ လုပ်ဆောင်ခြင်း အားဖြင့် ရာသီဥတုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

## ၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

တံစိုးကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့ (၁)ဖွဲ့၊လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၇) ဖွဲ့ ရှိသည်။ ၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျှက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင် ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

တံစိုးကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော် ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နာရေးလူမှုကူညီရေးအသင်းဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ့်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများ ထိန်းသိမ်းခြင်း၊လျှပ်စစ်မီးလင်းရေးဘဏ္ဍာငွေများရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သောလမ်းများ၊ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊သာရေး/နာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ၊ ဟင်းချက်အဖွဲ့များ၊လူငယ်ပရဟိတအဖွဲ့များ၊ အမျိုးသမီးပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲ ဦးဆောင်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက်တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက် ကြပါသည်။

## ၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

တံစိုးကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ အိမ်ထောင်စု(၂၀၈) အိမ်ရှိသည့် အနက်မှ(၁၀၀)ကျော်မှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပြီး ကျန်အိမ်ထောင်စုဝင်

များမှာ နိုင်ငံဝန်ထမ်းများ၊ စက်မှုလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ ပန်းရံ လုပ်ငန်း၊ အရောင်းအဝယ်နှင့်အခြား ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေကောင်းစွာရရှိပြီး သီးနှံထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ပြီး စိုက်ပျိုးရေမမှန်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ရတက်ပါသည်။ စက်ချုပ်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် အခြားကျပန်းလုပ်ငန်း လုပ်ကိုင်ကျသူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသော တောင်သူများနှင့် ဆက်စပ်နေသောကြောင့် တောင်သူများအကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ၎င်းတို့လည်း အလုပ်အကိုင်များရရှိ၍ ဝင်ငွေကောင်းပြီး တောင်သူများသီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရ တတ်ပါသည်။ တောင်သူများမှ စိုက်ပျိုးစရိတ် သက်သာသော သီးနှံများရွေးချယ်စိုက်ပျိုးရာတွင် တခါတရံကျပန်း အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်စေ၍ မိသားစုစားဝတ်နေရေးအဆင်မပြေမှုများ ဖြစ်တတ်ကြ၍ ၎င်းတို့၏လက်တွေ့အကျိုးဖြစ်ထွန်းမည့် အသက်မွေးဝမ်းကြောင်း ပညာရပ်များ သင်ကြားပေးရန် လိုအပ်ပသည်။

တံစိုးကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့်ဖြင့်ခွဲခြားထားပါသည်။ အထက်ပါ ဥစ္စာဓနအဆင့်အခြေအနေအရ အိမ်ထောင်စု(၁၀၀)ကျော်မှာ အဆင်ပြေသောသူများဖြစ်၍ ကျန်အိမ်ထောင်စု (၁၀၈)ကျော်မှာအဆင်မပြေ သောသူများ ဖြစ်ကြပါသည်။

### ၄.၀။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

တံစိုးကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် စာကြည့်တိုက်၊ ဓမ္မာရုံနှင့် စာသင်ကျောင်းမှာမူလတန်းကျောင်းသာရှိပါသည်။ ကျေးရွာတွင် အစည်းအဝေးပွဲများ၊ ဌာနဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကျင်းပနိုင် ရန်နှင့် နှစ်စဉ်ပွဲတော်ရက်များ ကျင်းပနိုင်ရန်အတွက် အခြေခံခန်းမဆောင်ဆောက်လုပ်ရန်နှင့်ကျောင်းသား/သူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေး၍ ရပ်ဝေးမှတာဝန်ကျသော ပညာရေးဝန်ထမ်းများနေထိုင်နိုင်ရေးအတွက် အခြေခံဝန်ထမ်းအိမ်ယာအဆောက်အဦများ ဆောက်လုပ်ပေးရန်လိုအပ်ပါသည်။တံစိုးကျေးရွာ၏ ရွာတွင်းလမ်းများသည် ကျောက်ခင်းလမ်းဖြစ်ပြီးမိုးရာသီ တွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ ကားများလမ်းချော်ခြင်းများ ဖြစ်ပေါ်သောကြောင့် အဆင့်မြှင့်တင်ဖို့ရန်လိုအပ်သည်။ တံစိုးကျေးရွာအုပ်စု အတွင်းရှိ အိမ်ထောင်စုဝင်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ

အိမ်ထောင်စုဝင်များအဆင်ပြေစွာ ဈေးဝယ်ယူရောင်းချနိုင်ရေး အတွက် အခြေခံဈေးသစ်တည်ဆောက်ပေးရန် လိုအပ်ပါသည်။

လျှပ်စစ်မီးလင်းရေးအခြေအနေမှာ စုစုပေါင်းအိမ်ထောင်စု၏ ( ၈၅.၅၇% )သည် မဟာဓါတ်အားလိုင်းကို အသုံးပြု နေကြပါသည်။ တစ်ချို့အိမ်ထောင်စုများဖြစ်သော(၃၀) အိမ်(စုပေါင်းအိမ်ထောင်စု၏ (၁၄.၄၂%)ခန့် သည် မဟာဓါတ် အားလိုင်းသုံးစွဲနိုင်ခြင်း မရှိသေးပါ။ အဘယ်ကြောင့်ဆိုသော် မီတာအခငွေနှင့် သွယ်တန်းကြိုး တန်ဖိုးငွေ မတတ်နိုင်သော ဆင်းရဲသော အိမ်ထောင်စုများဖြစ်သည်။

ကျေးရွာဘေးတွင် မည်သည့် ရေကြောင်းသယ်ယူပို့ဆောင်မှုများမှ မရှိပါ။ အခြားသော သယ်ယူပို့ဆောင် ရေးယာဉ်များကို ဇယားတွင် ဖော်ပြထားပါသည်။ စက်ဘီး(၅၈)စီး မှာ ရွာတွင်းနှင့်ကျောင်းသားများ ကျောင်းသွား ရန်သာ အသုံးပြုကြသည်။ ဆိုင်ကယ်(၂၃၉)စီးမှာ သယ်ယူပို့ဆောင်ရေး ဝန်တင်အဖြစ်သုံးပြီး၊ လုပ်ငန်းသုံး အနေ ဖြင့် သုံးဘီးဆိုင်ကယ် (၃) စီးရှိသည်။ ကားအစီး (၁၀)စီးနှင့် နွားလှည်းများမှာ လုပ်ငန်းသုံးနှင့် အိမ်စီးကား များဖြစ်သည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန် ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။လျှပ်စစ်မီးရရှိသော အိမ်များ၏ (၈၅.၅၇%)ခန့်မှာ တီဗွီမှ ဗဟုသုတ အစီအစဉ်များ ကြည့်ရှုကြသည်။

**၄.၈။ ပညာရေး**

တံစိုးကျေးရွာတွင် အစိုးရအထက်တန်းကျောင်းခွဲရှိသည့်အတွက် ကျေးရွာရှိကလေးများ ပညာရေးကို အလွယ်တကူ သင်ကြားခွင့်ရရှိကြပါသည်။ ကျောင်းသား/ ကျောင်းသူများမှာလည်း အခြေခံပညာ အဆင့်ထိ (၁၄၉)ဦးခန့် ရှိပါသည်။ လက်ရှိစာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ စတုရန်းပေ (၉၀၀) ရှိသည်။ စာသင်ကျောင်းဆောင်၏အရည်အသွေးမှာ သင့်တင့်သည့် အနေအထားရှိပြီး ကျောင်းပရိဘောဂများ လုံလောက်မှု မရှိသေးပါ။ ကျေးရွာတွင် မူလတန်းမှစ၍ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အသီးသီးတွင် ပညာ ဆည်းပူးနေသောကျောင်းသား/သူများရှိပါသည်။လက်မှုပညာနှင့် ပတ်သက်၍ လက်သမား၊ ပန်းရံ၊ စက်ချုပ်ခြင်း စသောပညာရပ်များတတ်မြောက်သည့် သူများရှိသလို အထက်တန်းအဆင့်အတန်း ပညာပြီးဆုံးအောင် မသင်

ကြားနိုင်သော လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ၎င်းတို့နှင့် သင့်တော်၍ လက်တွေ့အကျိုးရှိသော စက်မှု၊ လက်မှုပညာရပ်များ သင်ကြားပေးရန်လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲ ဖြစ်သည်။

**၄.ဆ။ ကျန်းမာရေး**

တံစိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးနှင့်ပတ်သက်၍ပြည်သူလူထုမှာ ဆိုးဝါးသောအခြေအနေတွင် ရှိမနေပါ။ တချို့ကျေးလက်နေပြည်သူများတွင် ဆီးချိုသွေးတိုးနှင့်မျက်စီရောဂါများ ဖြစ်ပွားနေကြသည်။ တခါ တရံ ကလေးငယ်များ မသန့်ရှင်းသော အစားသောက်များ စားသုံးမိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားတတ်၍ အစားသောက်နှင့် ဆိုင်သောကျန်းမာရေးဗဟုသုတများ၊ စားသုံးရန်မသင့်လျော်သော အစား အသောက် များအား အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးရန်လိုအပ်ခြင်းမှလွဲ၍ တစ်ခြားကူးစပ်တတ်သော ရောဂါဖြစ်ပွားမှုများမရှိပါ။ ကျေးရွာအိမ်ထောင်စု အားလုံးမှာ ယင်လုံအိမ်သာသုံးစွဲကြပါသည်။

**၄.ဇ။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

အနောက်သာဂရကျေးရွာတွင် တစ်ခါတစ်ရံ အပူချိန်မြင့်မားခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးခေါင် ခြင်း၊ လေပြင်းများတိုက်ခက်ခြင်း၊ မိုးသီးများကြွေကျခြင်း ဘေးအန္တရာယ်များ ဖြစ်ပေါ်တတ်ပါသည်။

အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်ပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မိုးသီးများကြွေကျခြင်းတို့ကြောင့်၊ လူနေအိမ်များ ပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခြင်း ဘေးအန္တရာယ်များဖြစ်ပွားတတ်ပါသည်။ စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ် ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက် ပေးသင့်သည်။

**၄.ဈ။ ကျား - မရေးရာ**

တံစိုးကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

တံစိုးကျေးရွာတွင် ကျား-မ မရွေး လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီး လှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့်ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ပိဏ္ဍပတ်ဆွမ်းလောင်းခြင်း၊ကျေးရွာတွင်း သာရေးနာရေးများတွင်လည်းကူညီဆောင်ရွက်ခြင်း၊ကျေးရွာ လုံခြုံရေး လုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။တံစိုး ကျေးရွာအမျိုးသမီးများမှာ ဘာသာရေး ပွဲများတွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝေဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်းဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၄၀၀၀/-) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၆၀၀၀/-) ကျပ်ဖြစ်ပါသည်။စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက် လုပ်အားခပျမ်းမျှမှာ (၃၅၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၆၀၀၀/-) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၃၅၀၀/-) ကျပ်ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများတွင် အမျိုးသား၊ အမျိုးသမီး ရာထူးတူ လစာနှုန်းတူများ ရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများလည်း ရှိပါသည်။

## ၅.ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစား ပေးအဆင့် | စီမံချက်အမည် | ဦးစား ပေးအဆင့် |
|---|---|---|---|
| ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ပေးရန် | ၁ | မီးသက်ကားချထားပေးရန် | ၁၃ |
| ဆေးပေးခန်းဆောက်လုပ်ပေးရန် | ၂ | ကျန်းမာရေးကားချထားပေးရန် | ၁၄ |
| ဆေးဝါးနှင့်ကျန်းမာရေးအထောက်အကူပြုပစ္စည်းများထောက်ပံ့ပေးရန် | ၃ | နာရေးကားချထားပေးရန် | ၁၅ |
| ကျန်းမာရေးဆရာမချထားပေးရန် | ၄ | စိုက်/မွေး/သက်မွေးချေးငွေကာလရှည်လုံလောက်စွာချထားပေးရန်(မြစိမ်းရောင်စီမံကိန်း) | ၁၆ |
| ကျောင်းတွင်းအားကစားကွင်းဆောက်လုပ်ပေးရန် | ၅ | အမှိုက်သိမ်းကားချထားပေးရန် | ၁၇ |
| ပညာရေးသင်ထောက်ကူပစ္စည်းများချထားပေးရန် | ၆ | ကျေးရွာတွင်းရေနုတ်မြောင်းဖောက်လုပ်ပေးရန် | ၁၈ |
| စာသင်ကျောင်းပြန်လည်ပြုပြင်ပေးရန် | ၇ | ကျေးရွာလမ်းချဲ့ပေးရန်၊ပြုပြင်ပေးရန် | ၁၉ |
| ရေသန့်စက်ချထားပေးရန် | ၈ | အသက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ပေးရန် | ၂၀ |
| စိုက်ပျိုးရေးနှင့်ဆိုင်သောမျိုးကောင်းမျိုးသန့်များချထားပေးရန် | ၉ | စာပေဟောပြောပွဲများပြုလုပ်ပေးရန် | ၂၁ |
| စိုက်ပျိုးရေးအတွက်စက်ကိရိယာများချထားပေးရန် | ၁၀ | **ရေခါမြောင်းပြန်လည်တူးဖော်ပေးရန်** | ၂၂ |

| | | | |
|---|---|---|---|
| မီးသဂြိုလ်စက်ချထားပေးရန် | ၁၁ | **ကုန်ထုတ်လမ်းပြန်လည်ပြုပြင်ပေးရန်** | ၂၃ |
| **စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများချထားပေးရန်** | ၁၂ | | |

**နောက်ဆက်တွဲ(၁)**

**တံစိုးကျေးရွာ၊ တံစိုးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထွန်းရွှေ | ဦးလှစိန် | ၉/ကဆန(နိုင်)၀၁၄၉၂၈ | ၄၀ | ဥက္ကဌ | ၀၉-၇၈၀၇၃၆၆၇၄ |
| ၂ | ဦးမြင့်စိုး | ဦးသိန်းမောင် | ၉/ကဆန(နိုင်)၁၈၃၁၆၈ | ၅၃ | အတွင်းရေးမှူး | ၀၉-၄၀၂၆၃၅၆၄၆ |
| ၃ | ဦးစိုးမင်းဝင်း | ဦးညွန့်ဆောင် | ၉/ကဆန(နိုင်)၁၃၂၂၅၄ | ၂၅ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၇၆၀၀၂၈၄ |
| ၄ | ဦးရန်နိုင်အောင် | ဦးညွန့်ကြည် | ၉/ကဆန(နိုင်)၁၂၈၉၀၆ | ၃၀ | စာရင်းကိုင် | ၀၉-၄၀၂၆၇၄၄၇၉ |
| ၅ | ဦးမြင့်ဝေ | ဦးမြသန်း | ၉/ကဆန(နိုင်)၀၁၄၉၆၃ | ၅၅ | သော့ကိုင် (၁) | ၀၉-၂၅၆၀၀၆၅၅၃ |
| ၆ | ဦးဟန်စိုးဝင်း | ဦးဝင်းမြင့် | ၉/ကဆန(နိုင်)၁၄၉၃၁၉ | ၃၆ | သော့ကိုင် (၂) | ၀၉-၂၅၆၂၈၃၈၇၃ |
| ၇ | ဒေါ်သန်းသန်းဝေ | ဦးအေးကြည် | ၉/ကဆန(နိုင်)၁၁၅၁၂၄ | ၃၅ | အဖွဲ့ဝင် | ၀၉-၆၉၄၅၀၃၀၉၉ |
| ၈ | ဒေါ်သန်းဆင့် | ဦးလှသော် | ၉/ကဆန(နိုင်)၀၁၅၀၉၈ | ၅၅ | အဖွဲ့ဝင် | - |
| ၉ | ဒေါ်ဝင်းဝင်းဌေး | ဦးတင်ဝင်း | ၉/ကဆန(နိုင်)၁၃၂၂၁၄ | ၃၀ | အဖွဲ့ဝင် | - |
| ၁၀ | ဒေါ်ဌေးဌေးမြင့် | ဦးတင်ဝင်း | ၉/ကဆန(နိုင်)၁၃၂၂၁၃ | ၂၅ | အဖွဲ့ဝင် | - |
| ၁၁ | ဒေါ်အေးသိန်း | ဦးသန်းလွင် | ၉/ကဆန(နိုင်)၁၃၃၁၆၃ | ၃၃ | အဖွဲ့ဝင် | ၀၉-၄၀၀၄၃၇၄၁၄ |

နောက်ဆက်တွဲ(၂)

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၁၃ | ၁၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၂၀ | ၃၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၁ | ၄၃ | ၈၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၃ | ၃၃ | ၇၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၄၁ | ၃၃၆ | ၆၇၇ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၂၂ | ၄၀ |
| **စုစုပေါင်း** | | **၄၆၂** | **၄၆၇** | **၉၂၉** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၀၈** | | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။(၁)နှစ်အောက် နို့စို့အရွယ် ကလေးငယ် စုစုပေါင်းအရေအတွက်မှာ ကလေးမွေးဖွားနှုန်း အလွန်နည်းနေသည်ကို တွေ့ရပါသည်။ ထို့အတူ သက်ကြီးအရွယအို အဖိုးအဖွားများမှာလည်း လျော့နည်းနေသည် ကိုတွေ့ရသည်။ မွေးဖွားနှုန်းကျဆင်းရခြင်းမှာ ဝမ်းစာရေးအတွက် အလုပ်ကို ဦးစားပေး လုပ်ကိုင်နေရခြင်း၊ ကုန်ဈေးနှုန်း များမြင့်လွန်ခြင်းတို့ကြောင့် ကလေးမွေးဖွားပြုစုပျိုးထောင်ရန် အချိန်မပေးနိုင်သည်ကို တွေ့ရပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုး အစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၃၀၅ | သင့် | ရ | မြောင်းရေ |
| ယာမြေ | - | - | - | - |
| ဥယျာဉ်ခြံမြေ | ၆ | သင့် | အနည်း | မြောင်းရေ |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |

| မြေအမျိုး အစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| စုစုပေါင်း | ၃၁၁ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍တံစိုးကျေးရွာတွင် စိုက်ပျိုးရေး လုပ်ကိုင်နေသောလယ်ယာမြေများသည် ဆည်မြောင်းရေနှင့်စိုက်ပျိုးလုပ်ကိုင်ကြသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် – ၃၈·C | ပျှမ်းမျှ မိုးရေချိန် – ၄၀·C | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ မရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖအဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ရပ်မိရပ်ဖအဖွဲ့အစည်းမှာဘာသာရေး၊သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေးတို့တွင် အဓိကလုပ် ဆောင်ပြီး ကျေးရွာ၏ ကိစ္စအဝဝတို့တွင်အဓိကညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရသောအဖွဲ့အစည်းဖြစ်ပါသည်။ |
| ၂ | လူငယ် အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | လူငယ်အဖွဲ့အစည်းမှာဘာသာရေး၊သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး၊လုံခြုံရေးနှင့်ကာကွယ်ရေးတို့တွင် တက်ကြွစွာပါဝင်လုပ်ဆောင်သောအဖွဲ့ဖြစ်သည်။ |
| ၃ | စိုက်ပျိုး မွေးမြူရေး အဖွဲ့ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | စိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်၍ဘာသာရေး၊နာရေး၊လုံခြုံရေးနှင့်ငွေကြေးကိစ္စရပ်များတွင်ပါဝင်လုပ်ဆောင်ပေးသော အဖွဲ့ဖြစ်ပါသည်။ |
| ၄ | ငွေစုငွေချေး အဖွဲ့ | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ရပ်ရွာ၏ငွေကြေးစီမံခန့်ခွဲမှုများ၊အုပ်ချုပ်မှုအပိုင်း၊အစည်းအဝေးပွဲများအားညှိနှိုင်း၍ဆောင်ရွက်ပါသည်။ |
| ၅ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | စိုက်ပျိုးရေးကိုဦးစားပေးလုပ်ဆောင်ပြီး ဈေးကွက်အခြေအနေအရဖွံ့ဖြိုးမှုနည်းနေပါသည်။ |
| ၆ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အရောင်းအဝယ်ချေးငွေစိုက်ဘဏ်တောင်သူချေးငွေ၊တပိုင်တနိုင်မွေးမြူရေးချေးငွေပေးပါသော်လည်းအတိုးနှုန်းများသည်။ |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐ | ကျန်းမာရေးကိုအထူးဂရုစိုက်ပါသည်။ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဖွဲ့အစည်းများမှာ ပွင့်လင်းမြင်သာမှုရှိရှိ တိုင်ပင်ဆွေးနွေးကာ ကြိုးစားလုပ်ဆောင်လာကြသည်ကိုတွေ့ရပါသည်။**

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၈-၁၅ဧက | ၅-၇ဧက | ၁-၂ဧက | - |
| အိမ်အခြေအနေ | တိုက်(၂)ထပ် အိမ် | တိုက်(၂)ထပ်အိမ် | တစ်ထပ်အိမ်ထရံ ကာသွပ်မိုး | သုံးပင် သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကုန်တင်ကား လယ်ထွန်စက် | ထော်လာဂျီ၊ရေစုပ် စက်၊နွားလှည်း | ဆိုင်ကယ်၊ စက်ဘီး | ပေါက်တူး၊ပေါက်ပြ ား စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | စိုက်ပျိုးရေး အရောင်းအဝယ် | စိုက်ပျိုးရေး မွေးမြူရေး | ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၂၅ | ၉၃ | ၆၀ | ၃၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် ။ ။ တံစိုးကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်နေပြီး သီးနှံဈေးနှုန်း အတက်အကျနှင့်ရာသီဥတုကြောင့် သီးနှံထွက်နှုန်းကောင်းသော နှစ်ရှိသလိုသီးနှံထွက်နှုန်းမကောင်းတဲ့နှစ်တွေနှင့်ကြုံတွေ့ရသောကြောင့်အခက်အခဲများကိုရင်ဆိုင်ဖြေရှင်းရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၁၃ | ၅၄.၃၂% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၄၄ | ၂၁.၁၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၂၈ | ၁၃.၄၅% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ) | ၂၃ | ၁၁.၀၅% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | - | - | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၂၀၈ | ၈၈.၉၅% | |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။မြေယာမဲ့များ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်နီး ပါးခန့်ရှိသည်။ ၎င်းမြေယာမဲ့ များမှာလည်း တောင်သူကူလီများသာ အများစုလုပ်ကိုင်ကြသည်။ တောင်သူအများစုမှာ အလုပ်သမားရှားပါး ခြင်း၊သီးနှံဈေးကွက်တည်ငြိမ်မှုမရှိပါ။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်း စိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၃၀၅ | တင်း | ၅၀ | ၇၀ | ၆၀ | သင့် |
| ၎ရုပ် | ၃ | တင်း | ၄၀ | ၅၀ | ၁၄၅ | သင့် |
| နှမ်း | ၆၀ | တင်း | ၈ | ၁၀ | ၉ | သင့် |
| ပဲတီစိမ်း | ၁၅၀ | တင်း | ၁၀ | ၁၂ | ၁၁ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ အဓိကစိုက်ပျိုးသောသီးနှံမှာစပါးဖြစ်ပါသည်။ စပါးထွက်နှုန်းမှာ တောင်သူ လယ်သမားများ အတွက် အကျိုးအမြတ်ရရှိမှုမှာ အသင့်အတင့်အနေအထားမှာ ရှိပါသည်။ ငရုပ်မှာ အထွက် နှုန်း ကောင်းခြင်း ဈေးကောင်း ခြင်းများရှိသော်လည်း အလုပ်သမားရှားပါးမှုကြောင့် တွင်ကျယ်စွာစိုက်ပျိုးနိုင်ခြင်း မရှိပါ။ ယခုအခါပဲတီစိမ်းကိုကျေးရွာမှ တွင်ကျယ် စွာစိုက်ပျိုးလျှက်ရှိပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | ၇၉ | ၂၅၁ |
| **နွား** | ၁၅ | ၄၀ |
| **နို့စားနွား** | ၅၅ | ၁၇၈ |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၄ | ၁၄ |
| ကြက် | ၅ | ၁၉ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မွေးမြူရေးသီးသန့်မရှိပါ။ တောင်သူခိုင်းရန်၊ တပိုင်တနိုင် နို့စားနွားနှင့် ကြက်၊ ဆိတ်၊ဝက်များ အနည်းငယ်မွေးမြူမှုရှိသည်။ စားကျက်မြေရှားပါးမှုကြောင့်နို့စားနွားနွေးမွေးမြူရေးများ လျော့နည်းခြင်း များတွေ့ရှိပါ သည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအ | ဝန်ထမ်း / အလုပ်သမ | မိသားစု ဝင် | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် |
|---|---|---|---|---|---|

| | | တွက် | ား အရေ အတွက် | လုပ်အား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၁၀ | ၁၀ | ၂၀ | အလယ်အလတ်အဆင့် |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၅ | ၁၀ | ၃၀ | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၅ | ၁၅ | ၄၀ | |
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | ၂ | ၂၀ | ၅၀ | |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၁ | ၂၀ | ၁၅ | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | ၆ | ၃၀ | ၁၀ | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | ၁ | ၁ | ၁၀ | |
| ၁၂ | ပညာရေး | ၁၁ | ၆ | ၁၀ | |
| ၁၃ | ကျန်းမာရေး | ၁ | ၄ | ၄၀ | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | ၁၁ | ၁ | ၄၀ | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအ ပ) | ၂၀ | ၃ | ၂၀ | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | ၂၈၅ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေး၊မွေးမြူရေးသမားများလည်း အပိုဝင်ငွေရရှိရန် အခြားလုပ်ငန်းများကို လည်းလုပ်ကိုင်ကြပြီး မိသားစုစားဝတ်နေရေး ဖြေရှင်းယူကြသည်။

**(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(၅.၁) **ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

